**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

Website: chinland.org  Email: cnf.headquarters@gmail.com

**ENDP အထွေထွေအတွင်းရေးမှူး Pu Sang Hlei Mang ကွယ်လွန်သွားခြင်းအပေါ်**
**ချင်းအမျိုးသားတပ်ဦးမှ ဝမ်းနည်းကြောင်းသဝဏ်လွှာ ပေးပို့ခြင်း**

ချင်းလဲန်းအတွင်း သဟဇာတရှိပြီး စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် အမျိုးသားနိုင်ငံရေးကို တက်ကြွစွာ လှုပ်ရှားလျက်ရှိသော တိုင်းရင်းသားလူမျိုးစုများတိုးတက်ရေးပါတီ (ENDP) အထွေထွေအတွင်းရေးမှူး ပူးဆန်လှေးမန်သည် ၂၀၁၈ ခုနှစ်၊ ဇွန်လ (၉) ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ချင်းအမျိုးသားတပ်ဦးအနေဖြင့် ၎င်း၏ မိဘဆွေမျိုးများနှင့်ထပ်တူ ဝမ်းနည်းမိပါသည်။

ပူးဆန်လှေးမန်သည် တက္ကသိုလ်ကျောင်းသားဘဝမှစ၍ ကျောင်းသားလူငယ်လှုပ်ရှားမှုများတွင် တတတ်တအား ပါဝင်လှုပ်ရှားလာခဲ့သူဖြစ်ပြီး အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်ဆင်နွှဲလျက် ပြောင်းလဲလာသော နိုင်ငံရေးအခြေအနေနှင့်အညီ တိုင်းရင်းသားလူမျိုးစုများ အခွင့်အရေး ရရှိရေးအတွက် ၂၀၁၀ နှင့် ၂၀၁၅ ခုနှစ်များတွင် ကျင်းပပြုလုပ်သော အထွေထွေရွေးကောက်ပွဲများတွင် ပါဝင် ယှဉ်ပြိုင်ခဲ့ပြီး တပ်ဦး၏ မူဝါဒလမ်းစဉ်များကို ယုံကြည်လက်ခံ၍ အမျိုးသားသွေးစည်းညီညွတ်ရေးအတွက် ကျရာကဏ္ဍမှ အုတ်တစ်ချပ်သဲတစ်ပွင့် ကြိုးပမ်းဆောင်ရွက်နေသော မျိုးချစ်ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်နှင့်အညီ ချင်းအမျိုးသားတပ်ဦးအနေဖြင့် အောက်မေ့အမှတ်ရနေမည် ဖြစ်ပါသည်။

ယခုကဲ့သို့ အမျိုးသားနိုင်ငံရေးခရီးကို လျှောက်လှမ်းရင်း ကွယ်လွန်သွားခြင်းသည် မာရာလူမျိုးစုများအတွက်သာမက ချင်းပြည်သူပြည်သားများအတွက် ဆုံးရှုံးမှုကြီးတစ်ခုပင် ဖြစ်ပါသည်။

၎င်း၏ လိုအင်ဆန္ဒများ ပြည့်ဝ၍ ကောင်းရာသုခ ရောက်ပါစေကြောင်းနှင့် ကျန်ရစ်သူ မိသားစုအားလုံး ထာဝရဘုရားသခင်က ကွယ်ကာမစတော်မူပါစေကြောင်း ချင်းအမျိုးသားတပ်ဦးမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

သတင်းနှင့်ပြန်ကြားရေးဌာန
ချင်းအမျိုးသားတပ်ဦး

၂၀၁၈ ခုနှစ်၊ ဇွန်လ (၁၁) ရက်